# မြန်မာပြဇာတ်များလေ့လာချက်
# (၁၈၇၅–၁၉၀၀)

ပါရဂူ(PhD)ဘွဲ့အတွက်တင်သွင်းသောကျမ်း

မကြူကြူဟန်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၇ခုနှစ်၊ မေလ

# ကျမ်းအကျဉ်းချုပ်

ဤကျမ်းသည် **မြန်မာပြဇာတ်များလေ့လာချက်(၁၈၇၅ – ၁၉၀၀)**ဖြစ်ပါသည်။ ဤကျမ်းကိုပြုစုရခြင်း၏ ရည်ရွယ်ချက်မှာ ကိုလိုနီခေတ်ဦးပြဇာတ်များ၏ ပြဇာတ်သဘောသဘာဝများနှင့် ပြဇာတ်အင်္ဂါရပ်များကို တစ်စုတစ်စည်းတည်း လေ့လာဖော်ထုတ်လိုရင်းဖြစ်ပါသည်။ ထိုသို့ လေ့လာရာတွင် (၁၈၇၅–၁၉၀၀)ခုနှစ်အတွင်း ပေါ်ပေါက်ခဲ့သော ပြဇာတ်များအနက် ထင်ရှားသောပြဇာတ်တို့ကို ပြဇာတ်အင်္ဂါရပ်များနှင့်အညီလေ့လာထားပါသည်။ အကြောင်းအရာပိုင်း အရေးအသားပိုင်း နယ်ပယ်နှစ်ရပ်ပိုင်းခြားကာ လေ့လာထားပါသည်။ ထို့အပြင် ဇာတ်ဝင်တေးများနှင့် ဇာတ်စကားများကို အရေးအသားပိုင်းအဖြစ် လေ့လာထားပါသည်။ ကိုလိုနီခေတ်ဦးပြဇာတ်များတွင် ဇာတ်ပွဲသဘင်ကပြဖျော်ဖြေမှု၊ ကဗျာလင်္ကာဖွဲ့နွဲ့မှု၊ ရွတ်ဆိုသီကျူးမှုတို့ကို လေ့လာတွေ့ရှိရပါသည်။ ကိုလိုနီခေတ်ဦးပြဇာတ်များ၏ ဇာတ်ဝင်တေးကဗျာများသည် မြန်မာကဗျာလမ်းကြောင်း ဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်သည်အထိ အကျိုးသက်ရောက်စေသည်ကို တွေ့ရှိရပါမည်။ ပြဇာတ်ဖန်တီးမှုအတတ်ပညာအပြင် ကိုလိုနီခေတ်ဦး ပြဇာတ်တို့၏ ခေတ်နောက်ခံတို့ကို လေ့လာခြင်းဖြင့် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်တို့ကို သိမြင်လာစေနိုင်ပါသည်။